# “အစဉ်လို့သည်မရှိသော”

## God’s Grace Is Sufficient

ဘုရားသခင်သည် ကျွန်ုပ်တို့အား မနိုင်ဝန်ကို မထမ်းနိုင်မှန်း သိကြပါသည်။ သို့ဆိုလျှင် တစ်ခါတစ်ရံ၌ ကျွန်ုပ်တို့အခြေအနေသည် အဘယ်ကြောင့် မနိုင်မနင်း ဖြစ်နေကြရပါသနည်း။ ထိုသို့ဘဝသည် သည်းမခံနိုင်လောက်အောင် ခက်ခဲလာသောအခါမျိုး၌ “ငါတို့သည် သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုလည်းကောင်း၊ ခံရမည့်အကြောင်း ရဲရင့်သောစိတ်နှင့် ကျေးဇူးတော်ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့”(ဟေဗြဲသြဝါဒစာ ၄း၁၆) “ငါ့ကျေးဇူးသည် သင့်အဖို့လောက်ပေ၏”(ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၁၂း၉) မနိုင်သောဝန်ကိုထမ်းရန် ဘုရားသခင်က ကျွန်ုပ်တို့အား မိန့်တော်မမူပါ။ ဘုရားသခင်က “ဝန်းလေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်” ဟု မိန့်တော်မူပါသည်။ (ရှင်မဿဲခရစ်ဝင် ၁၁း၂၈) သူသည် ကျွန်ုပ်တို့၏ ဝန်ထုပ်များကို မယူ၍ ကျွန်ုပ်တို့နှင့်အတူ မျှဝေခံစားပါလိမ့်မည်။

ဤကား ဘုရားသခင်၏ အံ့သြဖွယ်ကျေးဇူးတော်ပင်။ ကျွန်ုပ်တို့၏ ဝန်ထုပ်များကို သူ့ပခုံးထက်သို့တင်ရန် ရောက်လာတော်မူသည်။ ကျွန်ုပ်တို့၏ အားအင်များအဖြစ် ကျွန်ုပ်တို့၏ ဘဝထဲသို့ ဝင်ရောက်လာသည်။ ကျွန်ုပ်တို့တွင် အားအင်ပြည့်စုံကုံလုံနေခိုက်၌ သူ၏တန်ခိုးတော်ကို သတိမမူမိကြပါ။ သို့သော် ကျွန်ုပ်တို့၌ အားအင်ကုန်ခန်း ပင်ပန်းနေချိန်တွင်မှ သူ၏တန်ခိုးတော်ကို တမ်းတမိကြပါသည်။ “သို့ရာတွင် ငါတို့သည် ကိုယ်တန်ဖိုးကိုအမှီပြု၍ ကိုယ်အလိုအလျောက် တစ်စုံတစ်ခုကို ကြံစည်ခြင်းငှာ တတ်နိုင်သည်မဟုတ်၊ ဘုရားသခင်ကိုသာအမှီပြု၍ တတ်နိုင်ပေသည်။”(ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၃း၅)

ကျွန်ုပ်ကိုယ်တိုင်ပင် သည်းမခံနိုင်လောက်သော အခြေအနေမျိုးများထဲသို့ သက်ဆင်းခဲ့ရဖူးပါသည်။ ကင်ဆာရောဂါဒဏ်ကို အလူးအလဲခံစားရပြီး ကျွန်ုပ်၏ခင်ပွန်းသည်ကို ထားရစ်ခဲ့ရတော့မည့် အခြေအနေတွင် ငယ်ရွယ်သော ဇနီးသည်တစ်ဦးဖြစ်သည့်ပြင် သားသမီးလေးယောက်၏မိခင်ဖြစ်သောကြောင့် ထိတ်လန့်ကြောက်ရွံ့ခြင်းက ဖိစီးလွှမ်းမိုးနေခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင် ကင်ဆာရောဂါခံစားပြီး အသက်လုနေရသော အချိန်မျိုး၌ ခန္ဓာကိုယ် နာကြင်ခံစားရမှုကို သည်းမခံနိုင်လောက်သော ဝေဒနာဟုပြောလျှင် ရနိုင်ပါလိမ့်မည်။ ကင်ဆာရောဂါ၏ အမြစ်များပွားများလာသောအခါတွင်မူ စိတ်ဓါတ်နှင့် ခံစားမှုဆိုင်ရာ ဖိစီးမှုများပါ အဖော်ပြုလာသောကြောင့် ကျွန်ုပ်၏နာကြင်မှုနှင့် မောပန်းနွမ်းနယ်ပြီး ခြေကုန်လက်ပမ်းကျမှုတို့သည် ပို၍ပို၍ ဆိုးရွားစွာသည်းမခံနိုင်တော့ပေ။

သို့ရာတွင် ဂျေးဆက်သည် ကျွန်ုပ်တို့အား တစ်ခါမျှလက်လွှတ် ဆုံးရှုံးမခံခဲ့ပါ။ ဘယ်တော့မှ ကျွန်ုပ်တစ်ဦးတည်းကို ပြစ်မထားခဲ့ပါ။ သူ၏ ကျေးဇူးတော်သည် ကျွန်ုပ်အဖို့ ပြည့်စုံလုံလောက်ခြင်းမရှိသော အချိန်ဟူ၍မရှိခဲ့ပါ။ ကျွန်ုပ်သည် သူ့အပေါ်တွင် မှီတွယ်ထားပါသည်။ သူ့ကိုသာ အားကိုးပါသည်။ အားလုံးဆုံးရှုံးလုနီးပါး အခြေအနေတွင် သူ၏ကြံ့ခိုင်သော လက်ရုံးများကို မှီတွယ်၍ အကူအညီမဲ့သလို ခံစားခဲ့ရပါသည်။ သူကား လွန်စွာကြံ့ခိုင်လှပါသည်။ ကျွန်ုပ်အားပြုစုပါသည်။ မျက်မှောက်ကာလတွင်ပင် သူသည် ထူးခြားဆန်းကြယ်စွာ ကယ်မနိုင်ပါသည်။

သူ့ကို စမ်းသပ်ကြည့်ပါ။ သင်၏ ပခုံးများပွန်းပဲ့ ကျိုးကြေမတတ် ချိန်လေးစီးလှသော သင်သယ်ဆောင်လာသည့် ဝန်ထုပ်ဝန်ပိုးကို သူ့အားလွှဲပေးလိုက်ပါ။ သူက သင့်အတွက် လွှဲယူပါလိမ့်မည်။ ယင်းအချိန်သည်ကား သူ၏အင်အားကို သင်တွေ့ရမည့်ကာလ ဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် ခြေပြစ်လက်ပြစ်ကျနေသော အချိန်တွင်မှ ခရစ်တော်၏ အားအင်ပြည့်ဝမှု ကျွန်ုပ်တို့အမှန်တကယ် တွေ့ကြရပါသည်။ “ထိုစည်းစိမ်ကား ဘုန်းအသရေကို မြော်လင့်ခြင်းအကြောင်းတည်းဟူသော ကျွန်ုပ်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း။ (ကောလောသဲသြဝါဒစာ ၁း ၂၇)

တမန်တော်ပေါလုသည် ကြောက်မက်ဖွယ်ရာဒုက္ခများနှင့် ဝေဒနာများကြားမှ မြင်သောမျှော်လင့်ခြင်းနှင့် ခွန်အားများကား ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းနှင့် ခွန်အားများနှင့် အတူတူပင်ဖြစ်ပေသည်။ “ထိုမျှော်လင့်ခြင်းနှင့် ခွန်အားများက သူ့အား “ထို့ကြောင့်ခရစ်တော်၏ တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်ဖြစ်ကြောင်း ငါ့ကိုယ်၌အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငှာသာ ငါအလိုရှိ၏” ဟု မြည်တမ်းစေရန် နှိုးဆွလှုံ့ဆော်ခဲ့ပေသည်။ ကျွန်ုပ်တို့ကား ချည့်နဲ့ကြပါ၏။ သို့သော် သူကားသန်မာကြံ့ခိုင်၏။ ကျွန်ုပ်တို့ကား နွမ်းပါးကြပါ၏။ သို့သော် သူ၏ ကျေးဇူးတော်ကား ပြည့်စုံလုံလောက်ပါ၏။ ကျွန်ုပ်တို့၏ ဝေဒနာများကား သည်းမခံနိုင်လောက်အောင် နှိပ်စက်မှုကို ပြုနေကြပါ၏။ သို့သော် သူကားအနာရောဂါဝေဒနာများကို မျှဝေယူပါလိမ့်မည်။ “ထိုသူသည် ငါတို့၏ အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏” (ဟေရှာယအနာဂတ္တိကျမ်း ၅၃း၄)။ “ငါသည် ဘုရားသခင်ကို ကိုးစားမည်ဟု လာသတည်း”(ဟေဗြဲသြဝါဒစာ ၂း၁၃)

ထာဝရဘုရားသည် ငါတောင်းပန်သံကိုကြား၍ ငါ့ဘက်သို့နားတော်ကို လှည့်တော်မူသောကြောင့် ငါနှစ်သက်၏။ ငါအသက်ရှည်သမျှကာလပတ်လုံး ထာဝရဘုရားကို ပဋ္ဌာနပြုမည်။ သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်း၍ မရဏနိုင်ငံဘေးတို့သည် ငါ့ကို ဘမ်းမိသဖြင့် ဆင်းရဲဒုက္ခဝေဒနာနှင့် ငါတွေ့ကြုံရ၏။ ထိုအခါ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကို ကယ်နှုတ်တော်မူပါမည့်အကြောင်း တောင်းပန်ပါ၏ဟု ထာဝရဘုရား၏ နာမတော်ကို ပဋ္ဌာနာပြု၏။ ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော၊ ဖြောင့်မတ်သောသဘောရှိတော်မူ၏။ ငါတို့ ဘုရားသခင်သည် ကရုဏာစိတ်ရှိတော်မူ၏။ ထာဝရဘုရားသည် မလိမ်မာသော သူတို့ကို စောင့်မတော်မူ၏။ ငါသည်နှိမ့်ချလျက်ရှိသောအခါ ကယ်တင်တော်မူ၏။ အို ငါ့ဝိညာဉ်၊ သင်၏ငြိမ်ဝပ်ရာသို့ပြန်လော့။ ထာဝရဘုရားသည် သင်၌ကျေးဇူးပြုတော်မူပြီ။ ကိုယ်တော်သည် အကျွန်ုပ်အသက်ကို သေခြင်းမှလည်းကောင်း၊ အကျွန်ုပ်မျက်စိကို မျက်ရည်ကျခြင်းမှလည်းကောင်း၊ အကျွန်ုပ်ခြေကိုလည်း ထိမိ၍လဲခြင်းမှလည်းကောင်း ကယ်လွှတ်တော်မူပြီ” (ဆာလံကျမ်း ၁၁၆း ၁ – ၈)

(မစတီကေး)

(By. Misty Kay)